စိတ်ကူးချိုချိုအနုပညာ

1234

# ဂဏန်းဗေဒင်နှင့် အနိုင်အရှုံးဟောနည်း


567

## ပီ-မိုးနှင်း

890

ဒုတိယအကြိမ်

mgyoe.com



# ဂဏန်းဗေဒင်နှင့် အနိုင်အရှုံးဟောနည်း

ပီ – မိုးနှင်း

pmn0018
700.00 Ks

mgyoe.com

ဂဏန်းဗေဒင်နှင့်အနိုင်အရှုံးဟောနည်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၆၄၀၃၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၆၀၇၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **က.န.ဝ** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၁၃၃ . ၃၃၅

ဝီ-မိုးနင်း

ဂဏန်းဗေဒင်နှင့်အနိုင်အရှုံးဟောနည်း / ဝီ-မိုးနင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၇၃ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၂ စင်တီ

(၁) ဂဏန်းဗေဒင်နှင့်အနိုင်အရှုံးဟောနည်း

mgyoe.com

mgyoe.com

## ဂဏန်းဗေဒင်ကျမ်း

လောကဓာတ်ကို ဂဏန်းပြုပြင်၏။ ဂဏန်းသည် ပညာ အပေါင်းတွင် အသေချာဆုံးသောပညာ ဖြစ်လေရာ မမှားနိုင်။ မှန်ကန်သော ပရမတ္ထသဘောမျိုး ဖြစ်၏။ ကမ္ဘာဦးမှစ၍ မည်သည့်လူမျိုးမဆို ၁ မှ ၉ အထိ ဂဏန်းကိုးလုံးကို အသုံးပြုရာ ထို ၉ လုံးမှာ ၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ + ၉ ပေါင်းလျှင် ၄၅ ရ၏။ ၎င်းကို ပေါင်းပြန်လျှင် ၄ + ၅ = ၉ ပင် ဖြစ်လေသည်။ ၎င်း ၉ ကို မည်သည့်ဂဏန်းနှင့် မဆို မြှောက် ၉ ဖြစ်၏။ ၉ x ၁၂လီ ၁၀၈၊ ခြေတော်ရာ ၁၀၈ ကွက်မှာ သုညချေ ၉ ပင်ဖြစ်လေသည်။

ရတနာ ၃ ပါး၊ လက္ခဏာအရေး ၃ ပါး၊ ကာလ ၃ ပါး၊ ဘုံ ၃ ပါး၊ အစ အလယ် အဆုံး ၃ ပါး၊ ထက်အောက် နံဘေး ၃ နေရာ၊ လင်၊ မယား၊ သားသမီး၊ အနီးဆုံးသော ဆွေမျိုး ၃ ဦး စသည်တို့ဖြင့် အရေးကြီးသော ဌာနတို့မှ ၃ သာလျှင်ဖြစ်လေရာ ၃ + ၃ + ၃ = ၉ ပင် ဖြစ်ပြန်လေသည်။

mgyoe.com

mgyoe.com


ဤဂဏန်းဗေဒင်မှာ ထိုဂဏန်း ၉ လုံးကို အမှီပြု၍ ဟောပြော အသုံးချသော ပညာဖြစ်လေသည်။

ဂဏန်းမှာ အက္ခရာ ဂြိုဟ်နက္ခတ်တို့နှင့်လည်းကောင်း၊ ၁၂လ ရာသီနှင့်လည်းကောင်း၊ ပဝေဏီကပင် တွဲလျက်ရှိ၏။ သို့ဖြစ်လေရာ ဂဏန်းဖြင့် အကျိုးအပြစ်ကို သိနိုင်၍ ဂဏန်းဖြင့် အကျိုးအပြစ်ကို ပေးနိုင်လေသည်။

၁,၀၀၀,၀၀၀ ကို ၇ နှင့် စား ၁၄၂၈၅၇ ရ၏။ ၎င်းကို ကောင်းမြတ်သော ဂဏန်းဟု ခေါ်၏။ အစဉ်အတိုင်းပေါင်းလျှင် နက္ခတ်၂၇ လုံး ရ၏။ ၂ + ၇ = ဂြိုဟ် ၉ လုံးဖြစ်လေသည်။

ထို ၁,၀၀၀,၀၀၀ ၌ သုညကို တိုးနိုင်သလောက် တိုး၍ တိုးတိုင်း ၇ နှင့် စား၊ မသေမချင်းစား၊ မသေဘဲ ထာဝရ အသက်ရှင်၍ စား၊ ၁၄၂၈၅၇ ကိုသာ အထပ်ထပ် အဖန်ဖန် ပြန်၍ ရမည်သာတည်း။

သုညသည် အစအဆုံးမရှိ အမြဲတည်မြဲခြင်း၏အထိမ်းအမှတ်ဖြစ်၏။ ဤကား ဂဏန်း၏ နိယာမသဲဘော ဖြစ်လေသည်။

## ရာသီခန်း

၁၂ ရာသီ၌ တစ်ရာသီလျှင် အသံ်ာ(အံသာ) ၃၀ စီရှိရာ အသံ်ာတိုင်းမှာ ဂြိုဟ်အုပ်စိုးသဖြင့် ထိုရက်များ၌ လူဖြစ်ရသော သတ္တဝါတို့မှာ ဂြိုဟ်၏အရှိန်အဝါအစွမ်းကို ခံကြရလေသည်။ ထို အရှိန်ကို ဂြိုဟ်အသီးသီး၌ ရှိသော အီသာ ခေါ် အာကာသဓာတ်၏ လှုပ်ရှားခြင်းသည် ပထဝီမြေသားသို့ ထိရောက်အောင် ပို့ဆောင်လေသည်။ (တစ်အသံ်ာကို တစ်ရက်မှတ်)

mgyoe.com

mgyoe.com


ထိုအာကာသဓာတ်ကို လှုပ်ရှား၍ အရှိန်အဝါကို ထွက်ပေါ်စေသော အရာသည်ကား တစ်ရာသီမှ တစ်ရာသီသို့ ကူးရွှေ့၍နေသော တနင်္ဂနွေဂြိုဟ်ပင် ဖြစ်လေသည်။ ထိုအခါ ဆိုင်ရာဂြိုဟ်နှင့် သက်ဆိုင်သော ဂဏန်းများမှာ လှုပ်ရှားခြင်းဖြစ်လေသည်။ ထိုဂဏန်းများလှုပ်ရှားရာ၌ ထိုဂဏန်းနှင့်ဆိုင်သော သတ္တဝါနေရာဌာန၊ အရာရာတို့မှာ လှုပ်ရှားခြင်းအမျိုးမျိုးဖြင့် အကောင်းအဆိုး ဖြစ်ရလေသည်။ ဂဏန်းမှာ အထည် ဒြပ်မရှိပေ။ သို့ဖြစ်၍ အဘယ်ပုံလှုပ်ရှားမည်နည်းဟု မေးဖွယ်ရှိပါ၏။ ပညတ်မှာ ဓာတ်ပါသည် ဟူသော စကားအရ လူတို့ခေါ်ဆိုသော ဝေါဟာရအသံစကား၌ ဂဏန်းပါလေရာ ထိုဂဏန်းနှင့်ဆိုင်သော ဂြိုဟ်၏အရှိန်သည် ထိုဂဏန်းနှင့်ဆိုင်သော သတ္တဝါများနှင့် ဆက်လျက်ရှိလေသည်။ သို့ဆက်လျက်ရှိသော ကျွန်ုပ်တို့ပင်လျှင် ဂဏန်းကောင်တွေ ဖြစ်ကြလေရာ ဂြိုဟ်ကောင်များဟူ၍လည်း ဆိုနိုင်လေသည်။

ပထဝီမြေသည် ပထဝီဂြိုဟ်ဖြစ်ကာ ပထဝီမြေသားများမှာ ဂြိုဟ်သားတွေ ဖြစ်ရလေသည်။ ထိုပထဝီဂြိုဟ်မှာ အခြားဂြိုဟ်တို့၏ အရှိန်အငွေ့နှင့် ကင်း၍ မနေနိုင်၊ ဆက်သွယ်လျက် ရှိလေသည်။

အထင်ရှားဆုံး သက်သေကား တနင်္ဂနွေဂြိုဟ်မရှိက ကျွန်ုပ်တို့နှင့်တကွသော ပထဝီဂြိုဟ်သည် စတုရန်းတစ်လက်မမှ မကျန်အောင် အအေးမိ၍ ကွေးကျုံ့ကွယ်ပျောက်ရာ အကြောင်းရှိ၏။ တနင်္ဂနွေဂြိုဟ်က မေတ္တာရှိအားကြီးသဖြင့် အနီးကပ်ကာ ပလူးပလဲလုပ်ချေက ကမ္ဘာမီးလောင်ချိမ့်မည်။ တနင်္လာဂြိုဟ်ကြောင့် ဒီရေအတက်အကျရှိရလေသည်။ ထို့အတူ နီးသောဂြိုဟ်၊ ဝေးသောဂြိုဟ်၊ ကျွန်ုပ်တို့

mgyoe.com

mgyoe.com



စကြာဝဠာအဖွဲ့တွင်ပါသော ဂြိုဟ်စုဟူသမျှမှာ မကောင်းရာမကောင်း ကြောင်းတွေ ဖြစ်ကြလေသည်။

တနင်္ဂနွေမှာ–အဖို၊ ပြုပြင်ပျိုးထောင်သူဖြစ်၏။ ၎င်း၏ဂဏန်းမှာ ၁ ဖြစ်၏။

Uranus ယူရေးနားစ်မှာ– စိတ်နှင့်ဆိုင်၏။ အမ။

၎င်း၏ဂဏန်းမှာ ၄ ဖြစ်၏။ (တနင်္ဂနွေ အပျော့စား၊ လက်ဝဲဟု မှတ်)

တနင်္လာမှာလည်း အမ။ ပထဝီဓာတ်၊ မြန်မာမှာ ဓာတ်ဖိုဟု အယူရှိသည်။ မှန်မည်မမှန်မည်ကို မငြင်းလို၊ သူ့ပညာကို သင်လျှင် သူ့အယူကို ယူရမည်။ ဂဏန်းမှာ ၂ ။

Neptune နက်ပ်ကျွန်းမှာ အဖို။ စိတ်ဝိညာဉ်နှင့် ဆိုင်၏။ ဂဏန်းမှာ ၇ ။

တနင်္လာ ၂ နှင့် နက်ပ်ကျွန်း ၇ မှာ သဘောချင်းတူ၏။ နှစ်ခုစလုံးပင် တနင်္လာသာ ဖြစ်ကြ၏။ သို့သော်လည်း ၂ မှာ ၇ လောက် အားသတ္တိ မရှိပေ။

အသက်သည် တနင်္ဂနွေမှ ထွက်၍ တနင်္လာသို့ ကူး၏။ အင်္ဂါသို့ ရောက်၏။ ဗုဒ္ဓဟူးသို့ ဆက်၏။ ကြာသပတေးဂုရုသို့ ဆက်၏။ သောကြာသို့ ပြောင်း၏။ သောရီ စနေမှာ သေ၏။ ထို့နောက် တနင်္ဂနွေသို့ ဝိညာဉ်သည် ပြန်၍ရောက်၏။

တနင်္ဂနွေသည် သူရိယနှစ် ဟူသမျှမှာ မတ်လ၂၁ ရက်နေ့တွင် Vernal Equinox ခေါ် အီကွေတာကိုဖြတ်သော ရာသီပိုင်းကို ဝင်ရောက်ပြီးနောက်၊ တစ်ရာသီမှာ ရက် ၃၀ စီနေ၍ အစဉ်အတိုင်း တစ်ရာသီမှ တစ်ရာသီသို့ ကူး၏။ ၃၆၅ $\frac{၁}{၄}$ မှာ တစ်နှစ်ပြည့်၏။ ပထဝီ

mgyoe.com

mgyoe.com


မြေ၏ အစိတ်အပိုင်း ဟူသမျှသည် ၁၂ ရာသီ၏ စက်အိမ် ၁၂ အိမ်အောက်သို့ ၂၄ နာရီအတွင်း ကျရောက်ရ၏။ အင်္ဂလိပ်က မြေလည်သည် ဟု ဆို၏။ မြန်မာက နေလည်သည် ဟု ဆို၏။ ကြိုက်ရာကို ယူနိုင်၏။ ရောက်ခြင်းသာ ပဓာနဖြစ်သည်။ ထို ၂၄ နာရီမှာ နေ့ညဉ့်တစ်ပတ်ပြည့်၏။ မည်သူက ပတ်သည်ဟူ၍ မေးရန်မလိုပေ။ ရာသီစက်မှာ ပထဝီမြေကြီး မြောက်ဘက် ကရကင့်၊ တောင်ဘက် မကာရဖြင့် သတ်မှတ်ချိန်ဆအပ်သော ကောင်းကင်၏ ခါးပတ်ဖြစ်၏။ မကာရ၌ ရှိခိုက်မှာ ကမ္ဘာမြောက်စွန်းမှာ နေ့မရှိ၊ အမြဲမိုးချုပ်၏။ တောင်စွန်းမှာ ညဉ့်မရှိ အမြဲ နေ့ဖြစ်၏။ ထို့အတူနေသည် ကရကင့် သို့ရောက်လျှင် တောင်စွန်းမှာ အမြဲမိုးချုပ်၏။ မြောက်စွန်းမှာ အမြဲ နေ့ဖြစ်၏။ သို့ဖြစ်လေရာ ထိုတောင်စွန်း မြောက်စွန်း စက်ကွင်းအရပ် နှစ်ရပ်မှာ တစ်နှစ်လျှင် တစ်နေ့နှင့် တစ်ညဉ့်သာ ရှိလေသည်။ နေ့ခြောက်လ၊ ညဉ့်ခြောက်လ အကြမ်းအားဖြင့် ဆိုနိုင်၏။ ထိုသို့ နေမင်းပြောင်းရွေ့သောလမ်းမှာ ၁၂ ရာသီ အကန့်များကို စိတ်၌ ကန့်ကြည့်လေ။ ထိုအခါ ရာသီစက် ဘယ်မှာနေသည်ကို မြင်လိမ့်မည်။

လမှာ ၂၈ ရက်တစ်ကြိမ် ပထဝီကို ပတ်၏။ ရာသီအိမ်ရှင်ဂြိုဟ်များမှာ စ–သာ–ရွှေ–ကူ–အင်း–ဝ–သူ–ဆန်–ဖြူ–တ–တင်း–ပေး ဟူသော မြန်မာဗေဒင်အတိုင်း ဖြစ်သည်။

ဂဏာန်းများမှာ တနင်္ဂနွေ ၁၊ အမာ ၄ အပျော့၊ ငင်း ၄ မှာ ယူရေးနပ်ဖြစ်လေရာ တနင်္ဂနွေအပျော့ဖြစ်သည်။ တနင်္လာမှာ ၂ အပျော့ဖြစ်သည်။ ၇ အမာ (နက်ပကျွန်း)၊ ငင်း နက်ပကျွန်းမှာ တနင်္လာနှင့် တူ၏။ အင်္ဂါ ၉၊ ဗုဒ္ဓ ၅၊ ကြာသပတေး ၃၊ သောကြာ ၆၊ စနေ ၈ ဖြစ်လေရာ ဗေဒင်ရိုးရိုးနှင့် မတူပေ။

mgyoe.com

mgyoe.com



၁။ မိဿမှာ အင်္ဂါ ၉၊ မတ်လ ၂၁ မှ ဧပြီလ ၁၉ သို့ တိုင်၏။ Positive လက်ျာ၊ အင်္ဂါဂြိုဟ် ၉။

၂။ ပြိဿမှာ ဧပြီလ ၂၀၊ မေ ၂၀၊ သောကြာ၊ လက်ျာ ၆။

၃။ မေထုန် မေ ၂၁ မှ ဇွန် ၂၀၊ ဗုဒ္ဓ လက်ျာ ၅။

၄။ ကရကဋ် ဇွန် ၂၁ ဇူလိုင် ၂၀၊ တနင်္လာ လက်ျာ ၂–၇။

၅။ သိဟ် ဇူလိုင် ၂၁၊ ဩဂုတ် ၂၀၊ တနင်္ဂနွေ လက်ျာ၁–၄။

၆။ ကန် ဩဂုတ် ၂၁ မှ စက်တင်ဘာလ ၂၀၊ ဗုဒ္ဓ–၅ လက်ဝဲ။

၇။ တူ စက်တင်ဘာလ ၂၁ မှ အောက်တိုဘာလ ၂၀၊ သောကြာ ၆ လက်ဝဲ၊ သောကြာ၏ဒုတိယ ရာသီပိုင်း။

၈။ ဗြိစ္ဆာ၊ အောက်တိုဘာ ၂၁ မှ နိုဝင်ဘာ ၂၀၊ အင်္ဂါ၏ ဒုတိယ ရာသီပိုင်း။

၉။ ဓနု၊ နိုဝင်ဘာ ၂၁ မှ ဒီဇင်ဘာ၂၀၊ ကြာသပတေး လက်ျာ ဂဏာန်း ၃။

၁၀။ မကာရ၊ ဒီဇင်ဘာ ၂၁ မှ ဇန်နဝါရီ၂၀၊ စနေ လက်ျာ ၈။

၁၁။ ကုံ၊ ဇန်နဝါရီ၂၁ မှ ဖေဖော်ဝါရီလ ၂၁၊ စနေ၏ ဒုတိယအပိုင်း၊ လက်ဝဲ ၈။

၁၂။ မိန်၊ ဖေဖော်ဝါရီ ၂၁ မှ မတ်လ ၂၁၊ ကြာသပတေး၏ ဒုတိယအပိုင်း ၃ လက်ဝဲ။

တနင်္ဂနွေနှင့် တနင်္လာမှာ တစ်ရာသီသာ ရကြ၍ အခြားဂြိုဟ်များမှာ ထပ်သဖြင့် နောက်ထပ်သော အိမ်များ၌ လက်ဝဲအခြေအနေ Negative၊ ပထမ ရောက်သော အိမ်များ၌ကား လက်ျာ Positive ဟု ခေါ်သည်။ လက်ဝဲထက် လက်ျာ က အား ပို၏။

mgyoe.com

mgyoe.com


ၚင်းအိမ်ရှင်ဂြိုဟ်များမှာ မိမိတို့ရှိရင်း သတ္တိအစွမ်းသည် အသ်ာကို လိုက်၍ အားအစွမ်းရှိ၏။ ရာသီအသ်ာ ၃၀ လုံးမှာ အားမကြီးပေ။ ဥပမာ–သိဟ်ရာသီ၌ အိမ်ရှင်ဂြိုဟ်သည် အသ်ာ၂၁ မှ ၃၀ အထိ ပို၍ အားကောင်း၏။ မိဿပြိစ္ဆာမှာ ၁၉–၃၀၊ မေထုန်နှင့် ကန်မှာ ၂၁–၃၀၊ ဓနုနှင့်မိန်မှာ ၁၄–၃၀၊ ပြိဿနှင့် တူ မှာ ၁၁–၃၀၊ မကာရနှင့် ကုံ မှာ ၂၁–၃၀။ ၎င်း အသ်ာတို့၌ အိမ်ရှင်ဂြိုဟ်အသီသီးတို့၏ အား ပို၍ ကောင်းလေသည်။ အိမ်ရှင်ဂြိုဟ်များမှာ ပြခဲ့ပြီးသော စ–သာ–ရွှေ–ကူ အတိုင်း အင်္ဂါဂြိုဟ်က စ၍ မိဿ၊ ပြိဿအလိုက် မှတ်လေ။ ဤဖော်ပြချက်မှာ ဗေဒင်ဆရာများ မှတ်ရန်သာဖြစ်သည်။ ဤဂဏန်းဗေဒင်မှာကား ကမ္ဘာကျော် ပရိဖက်ဆာ ကီရို (ကိုင်ရို)၏နည်း ဖြစ်လေရာ ထိုအစိတ်အပိုင်း သတ်မှတ်ခြင်းကို မပြုပေ။ အကယ်၍ သတ်မှတ်အသုံးပြုစမ်းချေက သာ၍ စွမ်းကောင်း စွမ်းမည်ဟု သဘောရသဖြင့် ကျွန်ုပ်၏ ကိုယ်ပိုင်သဘောကို ဖြည့်စွက်ခြင်းမျှသာ ဖြစ်သည်။ ကီရို၏အလို မဟုတ်ပါ။ ကီရိုမှာ ဗေဒင်ကို အဘယ်မျှတတ်သည်ဟု ကျွန်ုပ်တို့ သေချာစွာ မသိရပါ။ ဤပညာမှာကား ရာသီနှင့်ဂြိုဟ် အသုံးများသည် ဆိုင်ရာ၌ ပါသည်မှတစ်ပါး ဗေဒင်နက္ခတ် အတတ်ကဲ့သို့ အကြီးအကျယ် မပါရှိပေ။

ကီရို၏အလိုမှာ ရာသီအိမ်ဟူသမျှ၏ အစ ၇ ရက်နှင့်အဆုံး ၇ ရက်ကို အားနည်းသည့် အပိုင်းဟု ဆို၏။ အကြောင်းမူကား နီးကပ်သော အိမ်၏ အရှိန်အငွေ့နှင့် ရောယှက်၍ နေလေသည်။

လက်ျာဂြိုဟ်များမှာသာ၍ ထက်မြက်၍ လက်ဝဲမှာ သိမ်မွေ့၏။ လက်ျာမှာ ရုပ်နှင့်ဆိုင်၍ လက်ဝဲမှာ နာမ်သို့ ယိမ်းညွတ်လေသည်။

mgyoe.com

mgyoe.com



တနင်္ဂနွေမှာ ယူရေးနှာစ်နှင့် နီးစပ်သဖြင့် ၁–၄ ဂဏန်းကိုရ၏။ တနင်္လာမှာ နက်ပကျွန်းနှင့် နီးစပ်၍ ၂–၇ ဖြစ်သည်။

၁ နှင့် ၄ ဂဏန်းမှာ ဖွားသူများသည် ၂–၇ ဂဏန်းဖွားသူများနှင့် သင့်၏။ အထူးသဖြင့် ဤလူနှစ်မျိုးအနက် ၁–၄ သမားက ဇွန် ၂၀ ရှုလိုင် ၂၁ အတွင်းမှာဖွား၍ ၂–၇ သမားမှာ ဇူလိုင် ၂၂၊ ဩဂုတ် ၂၉ အတွင်းမှာ ဖွားလျှင် သာ၍ သင့်၏။ အကြောင်းမူကား ပထမအခါမှာ တနင်္လာအိမ်၊ ဒုတိယအခါမှာ တနင်္ဂနွေအိမ်တွင်ပါဝင်လေသည်။

၁–၄ ဂဏန်းအောက်မှာ ဖွားသူဆိုသည်ကား အခြားမဟုတ်၊ မည်သည့်လမှာ မဆို ၁ ရက်၊ ၄ ရက်၊ ၁၀ ရက်၊ ၁၃ ရက်၊ ၁၉ ရက်၊ ၂၂ ရက်၊ ၂၈ ရက်၊ ၃၁ ရက် ဤရက်များ၌ ဖွားသူများကို ဆိုလိုသည်။ အကြောင်းမူကား ဤပညာမှာ ဂဏန်းသည် ရာသီထက် အရေးကြီးသဖြင့် ၁၀ ရက်မှာ သုညချေ၊ ၁ ကျန်၏။ ၁၃ ရက်မှာ ၁ + ၃ = ၄ ဖြစ်၏။ ၁၉ ရက်မှာ ၁ + ၉ =၁၀ ဖြစ်ရာ သုညချေ၊ ၁ ကျန်၏။ ၂၂ မှာ ၂ + ၂ = ၄ ဖြစ်၏။ ၂၈ မှာ ၂ + ၈ = ၁၀၊ သုညချေ၊ ၁ ဖြစ်၏။ ၃၁ မှာ ၃ + ၁ = ၄ ဖြစ်သည်။

၂–၇ သမားများမှာ မည်သည့်လမှာ မဆို ၂–၇၊ ၁၁–၁၆– ၂၀–၂၅–၂၉ ရက်များ၌ ဖွားသူများဖြစ်ကြလေရာ အထက်နည်း အတိုင်း ပေါင်းကြည့်လေ။

## ရာသီနှင့် မဟာဘုတ်လေးပါး

မိဿ–သိဟ်–ဓနု–တေဇော။ ပြိဿ–ကံ–မကာရ–ပထဝီ။ မေထုန်–တူ–ကုံ–ဝါယော။ ကရကဋ်–ဗြိစ္ဆာ–မိန်–အာပေါ။

mgyoe.com

mgyoe.com

၎င်းအိမ်များကို အထက်ဖော်ပြရာရက်ပိုင်းအတိုင်း မှတ်ယူပါလေ။

ဤကား နောက်ဖော်ပြလတ္တံ့သော နည်းများအရ အသုံးပြုရာ၌ အကြဲညာဏ် ထုတ်နိုင်သလောက် အသုံးပြုရန် ဖော်ပြခြင်း ဖြစ်လေသည်။

❒

mgyoe.com

mgyoe.com

## ဂဏန်းများ

ဂဏန်းမှာ ၁ မှ ၉ အထိသာ ရှိ၏။ ဂဏန်းများကို လက်ဝဲမှ လက်ျာတိုင် အစဉ်လိုက်ပေါင်းရာ၌ ဂဏန်းတစ်လုံးသို့ ရောက်သော အခါ ထိုဂဏန်းကို ဝိညာဉ် ဟု ခေါ်သည်။

ဥပမာ– Ba Tin မှာ ဖော်ပြလတ္တံ့သော နည်းအရ B 2 -A 1 -T 4 I- 1 N 5 ရှိလေရာ ၂ + ၁ + ၄ + ၁ + ၅ တို့ကို ပေါင်းလျှင် ၁၃ ရ၏။ ၁ + ၃ = ၄ ဖြစ်၏။ ဘတင်၏ ဝိညာဉ်ဂဏန်းမှာ ၄ ဖြစ်သည်။

ဘတင်သည် အထက်ဖော်ပြသည့်အတိုင်း ၄ ဂဏန်းအောက်မှာ၊ ဖွားက နာမည်မှာလည်း ၄ ရသဖြင့် ၄ ဂဏန်းအကျိုးပေးသမျှကို တစ်သက်လုံး ထိထိရောက်ရောက် ခံရတတ်၏။ ၄ မှာအားနည်းသော တနင်္ဂနွေဂြိုဟ်ဖြစ်သဖြင့် ကြီးပွားချင်လျက် မကြီးပွား၊ စိတ်အားပျော့ပျော့ပျက်ပျက် ဖြစ်မည့်အပြင် ၄ မှာ စနေ၊ ၈ သေခြင်းနှင့်လည်း မဟာမိတ်ဖြစ်သဖြင့် အပျက်များသည်။ ၈ ဖြစ်လျှင်သာ၍ ကြောက်စရာကောင်း၏။

mgyoe.com

mgyoe.com



ဤဟောနည်းမှာ ဂဏန်းဆိုးသောကြောင့် မကြီးပွား၊ မကောင်းစားနိုင် ဟု မဆိုလို။ ၎င်းတို့မှာလည်း ကောင်းစားနိုင်၏။ ဓာတာပင်ကိုယ်အဘယ်မျှပင် ဆိုးစေကာမူ အမြင့်သို့ရောက်နိုင်၏။ သို့သော်လည်း မြင့်ရာမှ ကျတတ်သည်၊ ပျက်တတ်သည်။ စသည်ဖြင့် အခြားမကောင်းဘေးရန် အနှောင့်အယှက်တို့နှင့် တွေ့ကြုံပျက်စီးရမည်၊ မမြဲနိုင် ဟု သိရလေသည်။

ဤပညာမှာ မွေးနေ့ထက် နာမည်ဂဏန်းက ပို၍ အရေးကြီးလေရာ ဖွားမူလဂဏန်းပင် မကောင်းစေကာမူ နာမည်ကို ကောင်းသော ဂဏန်းရအောင် မှည့်ခြင်း၊ နေသော အိမ်နံပါတ်ကို အလားတူကောင်းအောင်ရွေးခြင်း၊ အရေးကြီးသော အလုပ်များကို ၎င်းအသစ်ရွေးချယ်၍မှည့်သော ဂဏန်းကျသည့် နေ့ရက်နာရီများစွာမှာ စ၍ဆောင်ရွက်ခြင်းဖြင့် ကြီးပွားနိုင်လေသည်။ သို့ဖြစ်သောကြောင့် ပညတ်မှာ ဓာတ်ပါသည် ဟု မြန်မာလူမျိုးများ အယူရှိကြလေသည်။

မူလဖွား ဂဏန်းကောင်းသော်လည်း နာမည်ဂဏန်းမကောင်းက ပျက်တတ်လေရာ နာမည်ကြောင့် မြင့်ရာမှ နိမ့်ရာသို့ ကျရလေသည်။ သို့အတွက် နာမည်ဂဏန်းကို ပြုပြင်၍ပေးရလေသည်။

စာရေးဆရာဖြစ်လျှင် စာရေးသောနာမည်ကို ပြုပြင်ရမည်။

**ဂဏန်းအားလုံးတို့တွင် ၁ သည် အရင်းအချုပ် ဖြစ်၏။** ဖန်တီးသူ၊ တည်ထောင်သူ၊ အသစ်တီထွင်သူ၊ ထင်ရှားသူ၊ ထင်မြင်ချက်အရာ၌ ပြတ်သားသူ၊ အလုပ်ဟူ သမျှမှာ နောက်ဆုတ်ခြင်းမရှိ၊ ဖြစ်အောင်လုပ်မည်ဟု စိတ်၌ ပြဋ္ဌာန်းမိက ဖြစ်အောင်လုပ်တတ်၏။ ၁–၁၀–၁၉–၂၈ ကဲ့သို့သော နောက်ဆုံး၌ ၁ ကျန်အောင် ပေါင်းနိုင်

mgyoe.com

mgyoe.com


သော ဂဏန်းဖြစ်များဖြစ်လေရာ မည်သည့်လမှာမဆို ထိုရက်များသည် ၁ ဂဏန်းနှင့် ဆိုင်လေသည်။ သို့သော်လည်း တနင်္ဂနွေအိမ် (သို့မဟုတ်) ပထမရာသီအိမ်သို့ တနင်္ဂနွေဝင်ရောက်လျှင် မတ်လ ၂၁–ဧပြီ ၂၈ အထိ အတွင်းမှာ ဖွားလျှင် သာ၍ကောင်းလေသည်။ ထိုအချိန်အတွင်း ၁ နွေ သည် အားတက်၍ နေလေ၏။

၎င်းတို့သည် ကြီးမြင့်လိုသော စိတ်အားမာန်ကြီး၏။ ချုပ်ချယ်ခြင်းကို မုန်း၏။ မိမိတို့အလုပ်၌ လူကြီးဥက္ကဋ္ဌ ဖြစ်လိုကြ၏။ မိမိ၏ အမိန့်ကို လက်အောက်ငယ်သားများ လေးစားဂရုပြုကာရိုရိုသေသေ ယိုက်နာမှ သဘောကျ၏။ အရေးကြီးသော အလုပ်များကို ၁ ဂဏန်း ဖြစ်စေသည့် ၁၀–၁၉–၂၈ ရက်များ၌ အဘယ်လမှာမဆို စ၍ ဆောင်ရွက်ရမည်။ သို့သော်လည်း အထက်၌ပြသော တနင်္ဂနွေရာသီရက်ပိုင်းအတွင်းမှာစ၍ ဆောင်ရွက်ခြင်းသည် ပိုမိုအောင်မြင်နိုင်လေသည်။

၂–၄–၇ ကိုဖြစ်စေသော ၂–၄–၇–၁၁–၁၃–၁၆–၂၀–၂၂–၂၅–၂၉–၃၁–ဂဏန်းသမားများသည် အထက်ဖော်ပြသည့်အတိုင်း မိမိတို့ဆိုင်ရာ ရာသီရက်ပိုင်း ၂–၄–၇ကို ဖြစ်စေသည့်ရက်များမှာ ဖွားသူများ ဖြစ်လျှင် သာ၍ သင့်လေသည်။

၎င်းတို့အတွက် ကောင်းသောနေ့များမှာ တနင်္ဂနွေ၊ တနင်္လာနေ့များဖြစ်ကြရာ ထိုနေ့များမှာ ၁–၁၀–၁၉–၂၈ ၎င်းရက်များနှင့် တိုက်ဆိုင်လျှင် သာ၍ ကောင်းလေသည်။ ထိုရက်များမှာ ပေါင်းလျှင် ၁ ပင် ဖြစ်လေသည်။

ထိုနေ့များအပြင် အခြားသင့်သော နေ့များမှာ ၂ (သို့မဟုတ်) ပေါင်းလိုက်လျှင် ၂ ရသော နေ့ရက်များ၊ ၄ (သို့မဟုတ်) ပေါင်းလိုက်လျှင် ၄ – ၇ ရသော နေ့ရက်များ၊ ၇ (သို့မဟုတ်) ပေါင်းလိုက်လျှင် ၇ ရသော နေ့ရက်များ ဖြစ်ကြလေသည်။ သို့သော်လည်း အထက်

mgyoe.com

mgyoe.com


၁ ဖြစ်သော နေ့ရက်များလောက် မကောင်းပေ။ အိမ်နံပါတ်၊ အပေါင်းအသင်းများ၊ မြို့များ၊ အရပ်များမှာလည်း ထို့အတူ နာမည်၌ ပါသော ဂဏန်းကို ထုတ်နုတ်အသုံးပြုရမည်။ A B C D စသည်တို့ တွင်လည်း ဂဏန်းများ ရှိကြလေသည်။

၎င်းတို့နှင့်သင့်သော အကျိုးပေးသောအရောင်များမှာ အနက် အညို၊ အဝါ၊ ရွှေရောင် အနုအရင့် အစားစားဖြစ်၏။ အဆောင်မှာ ကြောင် Topaz၊ ဥဿဖရား ကို အသားနှင့်ထိအောင် ဆောင်ရမည်။

နံပါတ် ၂၊ တနင်္လာ ၂ သည် အမ ဖြစ်၏။ တနင်္ဂနွေက အဖို ဖြစ်သဖြင့် သင့်မြတ်၏။ ၂ သမားများမှာ သိမ်မွေ့၏။ စိတ်ကူးဉာဏ် ကောင်း၏။ ပန်းချီ၊ ပန်းပု၊ ဂီတ၊ အကစသည့် အနုပညာအလုပ်တို့နှင့် ဆိုင်၏။ စိတ်ကူးယဉ်၏။ စိတ်သာကူး၍ ပေါက်ရောက်အောင် လုပ်ရာ၌ ထက်သန်ခြင်းမရှိ၊ ရုပ်သမားမဟုတ်၊ နာမ်သမားဖြစ်၏။ အလုပ်ထက် စိတ်ကူး ပို၏။ တနင်္ဂနွေလောက် ထက်မြက်ခြင်း မရှိပေ။ ၎င်းတို့မှာ ၁၂ ရာသီ၌ တနင်္လာအိမ်ဖြစ်သော ဇွန်လ ၂၀ ဇူလိုင် ၂၅ အထိ ၎င်းတို့နှင့် သာ၍ဆိုင်၏။ ၎င်းတို့သတ္တိများသည် ထိုရာသီအခါ၌ စ၍လုပ်ကိုင်လျှင် သာ၍ ထင်ရှားသည်ဟူလို။

၁–၂ သည် အကျွမ်းဝင်၏။ နံပါတ် ၇ နှင့်လည်း အတော် အတန်သင့်မြတ်၏။ သို့သော်လည်း ၁ လောက် မသင့်မြတ်ပေ။ ထို ၇ ဂဏန်းသမားများမှာ ၇ ရက် (သို့မဟုတ်) ပေါင်းလျှင် ၇ ဖြစ်သော ၁၆ – ၂၅ ရက် သားသမီးများဖြစ်သည်။

နံပါတ် ၂ သမားများမှာ ၂–၁၁–၂၀–၂၉ ရက်များမှာ အရေးကြီးသော ကိစ္စများကို စ၍ ဆောင်ရမည်။ ထိုရက်များမှာ ပေါင်းလျှင် ၂ ဖြစ်၏။ မည်သည့်လ မဆို သင့်၏။ သို့သော်လည်း

mgyoe.com

mgyoe.com


ဇွန်၂၀–ဇူလိုင်၂၅၊ တနင်္လာဂြိုဟ် ရာသီအခါမှာ ဆောင်ရွက် လုပ်ကိုင်လျှင် သာ၍ ကောင်းသည်။

သာ၍သင့်သော နေ့များမှာ တနင်္ဂနွေ၊ တနင်္လာ၊ သောကြာနေ့များ ဖြစ်သည်။ ၎င်းသင့်သော နေ့သားများမှာလည်း မိမိတို့ဆိုင်ရာ တနင်္လာ ၂ ဖြစ်စေသော ရက်များဖြစ်လျှင် သာ၍သင့်သည်။ ထိုရက်များမှာ ၂–၁၁–၂၀–၂၉ ရက်သားများ ဖြစ်သည်။ ၁ သမား၊ ၄ သမား၊ ၇ သမားများနှင့်လည်း အတော်အတန်သင့်၏။ ထိုနေ့သမားများမှာ ၁–၄–၇–၁၀–၁၃–၁၆–၁၉–၂၂–၂၅–၂၈–၃၁ သမားများဖြစ်သည်။ အိမ်နံပါတ်၊ အရပ်၊ နာမည်များမှာလည်း အက္ခရာများကို ပေါင်းလျှင် ဂဏန်းများ ထွက်ရာ ထို့အတူ သုံးပါလေ။ စိတ်ကူးဉာဏ်ရှိသလောက် ထွင်ရမည်။ ဥပမာ– မွေးရက်မှာ ၂ ရလျှင် နာမည်မှာ ၂၊ အိမ်နံပါတ် ၂၊ အပေါင်းအသင်းနာမည် ၂၊ အပေါင်းအသင်း၏ မွေးရက် ၂၊ ထိုမွေးရက် ၂ မှာ တနင်္လာ ၂ အုပ်စိုးသောရာသီ ဖြစ်စေရမည်။ (အထက်၌ပြခဲ့သည့်အတိုင်း) အလုပ်အကိုင်မှာ ၂ ရက်နေ့မှာစ၊ သွားစရာရှိလျှင် ၂ ယောက်သွား၊ ထို့အတူ တနင်္ဂနွေမှစ၍ ပြလတ္တံ့သော အခြားနေ့များမှာလည်း ကြံပါလေ။ ညီညွတ်နိုင်သမျှ ညီညွတ်နိုင်အောင် ကြိုးစားက အကျိုးပို၍များ၏။

**၂ သမားများ၏** အပြစ်မှာ မငြိမ်မသက် ပြောင်းလဲလှုပ်ရှားတတ်ခြင်း၊ မစွဲမြဲခြင်း၊ ကိုယ့်ကိုယ်ကိုယ် ကိုးစား ယုံကြည်စိတ်နည်းခြင်း၊ စိတ်အားပျော့ခြင်း၊ လျော့တတ်ခြင်းဖြစ်လေသည်။ တစ်စုံတစ်ယောက် တစ်ခုခုပြောလျှင် ရက်လွယ်၊ ကြောက်လွယ်၊

mgyoe.com

mgyoe.com


နာလွယ်ခြင်း၊ မခံတတ်ခြင်း၊ စိတ်ပျက်လွယ်ခြင်း၊ စိတ်ညှိုးငယ်တတ်ခြင်းများဖြစ်ကြသည်။ ထိုစိတ်များကို နိုင်စေရမည်။

သင့်သောအရောင်များမှာ အစိမ်းနု၊ အစိမ်းရင့်အမျိုးမျိုး၊ အဖြူရောင်၊ Cream ခေါ် မလိုင်ရောင်၊ ရှောင်ရန်မှာ အနက်၊ အညို၊ Purple ခရမ်းရောင် ကြက်သွေးနီနက်။

ဆောင်ရန်မှာ ပုလဲ၊ Moon stone ခေါ် စိမ်းဖန့်ဖန့်ကျောက်များ၊ အမြဲဆောင်ထားအပ်သည်ကား Jade ကျောက်စိမ်း။

**နံပါတ် ၃ ကြာသပတေး၊** အလွန်အရေးကြီးသောနေ့။ ၎င်းတို့၏နေ့ရက်များမှာ ၃ (သို့မဟုတ်) အဘယ်လမှာမဆို ပေါင်းလျှင် ၃ ရသော ရက်များနှင့် ကြာသပတေး အုပ်စိုးသော ဖေဖော်ဝါရီလ ၁၉ မှ မတ်လ၂၁ (သို့မဟုတ်) နိုဝင်ဘာ၂၁ မှ ဒီဇင်ဘာ၂၁။

ကြီးမြင့်လိုသောစိတ်အားသန်၏။ လက်အောက်ငယ်သားအဖြစ်နှင့်မကျေနပ်နိုင်။ ဤလိုယောက်ျားမျိုးများကို လူကြီးများက အလုပ်မဖွဲ့မြဲဟု ထင်တတ်ကြ၏။ အကြောင်းမူကား လခစား၊ အစေခံအလုပ်မှာ မပျော်ပိုက်တတ်ကြပေ။ သြဇာပေးချင်၏။ အမိန့်ကိုနာခံတတ်၏။ မိမိတို့၏ အမိန့်ကိုလည်း နာခံမှ ကြိုက်၏။ အစီအစဉ်၊ စည်းစနစ်ကြီး၏။ ကြီးမြင့်သော ဌာနများသို့လည်း ရောက်တတ်၏။ အထူးသဖြင့် ရေတပ်၊ စစ်တပ်၊ အစိုးရဘက်၌ ရာထူးကြီးတတ်၏။ ကြီးသောတာဝန်ကြီးများကို ခံယူဆောင်ရွက်ရတတ်၏။ တာဝန်ကျေပွန်၏။

အပြစ် အာဏာ ပြချင်သောကြောင့် ရန်သူများတတ်၏။ မာနကြီး၏။ ချုပ်ချယ်ခြင်းကို မကြိုက်၊ အထက်ဂဏန်းများအတိုင်း ဆိုင်ရာ လရက်၊ ရာသီရက်များကို သုံးလေ။

mgyoe.com

mgyoe.com


သင့်သောနေ့များမှာ ၃–၁၂–၂၁–၃၀ ကြာသပတေး၊ သောကြာ၊ အင်္ဂါ၊ ကြာသပတေးမှာ အသင့်ဆုံး။ ၎င်းနေ့များမှာလည်း အထက် ဖော်ပြသည့်အတိုင်း မိမိတို့ဆိုင်ရာ ရာသီ၊ ရက် ဆိုင်ရာ ဂဏာန်းများ ဖြစ်လျှင် သာ၍ ကောင်း၏။ သောကြာ ၆၊ အင်္ဂါ၉ ၎င်းတို့နှင့်လည်း အတော်အတန်သင့်၏။

မိမိနှင့်တူသော ဂဏာန်းများနှင့် ရာသီရက်သားများ၊ နေရာအရပ်၊ နံပါတ်များမှာ အသင့်ဆုံးဖြစ်၏။

**ဆောင်ရန်**။ အပြာရောင်အမျိုးမျိုး၊ Mauve မရန်းရောင်၊ Violet၊ အညို၊ Purple၊ Crimson နီမောင်းသောအရောင်၊ Rose နှင်းဆီရောင်များဖြစ်၏။ သို့သော်လည်း Secondary Colour ခေါ် ဒုတိယတန်းအရောင်များ ဖြစ်သည်။

အနီ၊ အဝါ၊ အပြာတို့ကို ပထမ မူလအရောင်များဟုခေါ်သည်။ အနီနှင့် အဝါစပ်သော အရောင်၊ အဝါနှင့်အပြာစပ်သော အရောင်၊ အပြာနှင့် အနီစပ်သော အရောင်သုံးမျိုးကို ဒုတိယတန်းစားအရောင် ခေါ်၏။ ၎င်းဒုတိယတန်းအရောင် သုံးမျိုးမှ ထိုနည်းအတိုင်း အစဉ် အတိုင်းစပ်၍ရသော သုံးမျိုးကို တတိယတန်း အရောင်များဟု ခေါ် သည်။ လောကဓာတ်မှာ ရှိသမျှအရောင်အားလုံး ပါဝင်သည်။

ကျောက်များ– Amethyst ဂေါမုတ် ကို အသားနှင့် ကပ်၍ ဆောင်။

**နံပါတ် ၄ ။ Uranus ယူရေးနားစ်**၊ တနင်္ဂနွေနှင့် အကျွမ်းဝင်၏။ သို့အတွက် ၄–၁ ဟု ပူးတွဲ သုံးလေ့ရှိ၏။ ၎င်း၏ သဘောမှာ ရန် မလိုသော်လည်း အများနှင့် အစစအရာရာမှာ ဆန့်ကျင်တတ်

mgyoe.com

mgyoe.com


၏။ မကောင်းကြံသော ရန်သူများစွာ ရှိတတ်၏။ အစဉ်အလာ စည်းကမ်း ဥပဒေကို မုန်း၏။ ပြုပြင်ပြောင်းလဲခြင်းကို ပြုတတ်၏။ သူပုန်ထချင်၏။ အာဏာကို ဖီဆန်၍ အုပ်ချုပ်ခြင်းအသစ်၊ မင်းဆက်အသစ်ကို တည်ထောင်တတ်၏။ တိုင်းပြည်ရေးရာကိစ္စများ၌ ဝါသနာပါ၏။ အယူအဆမှာ Positiveဖြစ်ရမည်၊ မဖြစ်မနေရ ဟူသော စိတ်မျိုးရှိသည်။ ၎င်းတို့၏ရာသီရက်ပိုင်းမှာ တနင်္ဂနွေနှင့် တနင်္လာ၏ မိတ်များဖြစ်သော ဇွန် ၂၁ မှ ဇူလိုင် ၂၁ (တနင်္လာ)၊ ဇူလိုင်၂၂ မှ ဩဂုတ်လကုန် (တနင်္ဂနွေ)။ လွယ်ကူစွာ မိတ်ဆွေအဖြစ်ခံလေ့ မရှိ။ ၁–၂–၇–၈ ဂဏန်းများနှင့် ခင်မင်တတ်၏။ ၈ မှာ စနေ၊ စည်းစိမ်ဥစ္စာကို စုဆောင်းရန် ဂရုမစိုက်တတ်၊ ငွေကြေးဥစ္စာအရာမှာ ဖြစ်ထွန်းအောင်မြင်ခဲ၏။ ငွေရလျှင်လည်း ထူးခြားသောနည်းဖြင့် သုံးစွဲ၍ ပစ်တတ်၏။

အသင့်ဆုံးနေ့များမှာ ၄။ သို့သော်လည်း ၂၁ ဇွန်မှ ၂၁ ဇူလိုင်၊ ၂၂ ဇူလိုင်မှ ဩဂုတ်လအကုန်နေ့များသည် အမှုဆောင်ရန် အကောင်းဆုံးနေ့များ ဖြစ်၏။ ၈ နှင့် ၄ သည် ကြောက်စရာကောင်းသောနေ့များ ဖြစ်၏။ အကြီးအကျယ် ဖြစ်မြောက်၊ အကြီးအကျယ် ပျက်စီး၊ အကြီးအကျယ် လိမ့်လဲတတ်လေသည်။

နေ့ကောင်းများမှာ စနေ၊ တနင်္ဂနွေ၊ တနင်္လာဖြစ်ရာ ၎င်းနေ့များသည် အထက်၌ ပြခဲ့သည့်အတိုင်း ၎င်းတို့နေ့ ဂဏန်းများကို ဖြစ်စေသည့်ရက်များ၊ ၎င်းတို့ ဆိုင်ရာ ရာသီရက်ပိုင်းများဖြစ်လျှင် သာ၍ ကောင်း၏။ ၁–၂–၇–၁၀–၁၁–၁၆–၁၉–၂၀–၂၅–၂၈–၂၉ တို့လည်း အတော်အတန် ကောင်း၏။ ၎င်းတို့လည်း ဆိုင်ရာ လ၊ ရက်၊ ရာသီရက်ကြုံလျှင် သာ၍ ကောင်းပြန်၏။ ဉာဏ်ရှိသလို ကြံပါလေ။

mgyoe.com

mgyoe.com


အချုပ်မှာ မည်သည့်နေ့သမားမဆို ထိုနေ့နှင့် ကိုက်ညီသော ဂဏန်း၊ ထိုနေ့နှင့်သင့်သော ဂဏန်းကို ဖြစ်စေသောရက်များ သင့်၏။ လ မရွေးပေ။ သို့မဟုတ် မိမိတို့၏ဂဏန်းကို အုပ်စိုးသော ရာသီ ရက်ပိုင်းများသည် ပေါင်းသင်းလုပ်ကိုင် နေထိုင်သွားလာရန် ကောင်းသည်။

အပြစ်များကား မခံတတ်သောစိတ်၊ တစ်ကိုယ်တည်း နေရသူလို မချမ်းမသာသောစိတ် ရှိတတ်၏။ အပေါင်းအသင်း မရှိသူကဲ့သို့ နေရတတ်၏။ စိတ်ညှိုးနွမ်းရတတ်၏။

သင့်သောအရောင်များ–Electric Colour, Electric Blues လျှပ်စစ်ဓာတ်ပါရှိသောအရောင်များ၊ လျှပ်စစ်အပြာရောင်များ၊ Half-shades တစ်ဝက် အရောင်များ။

ဆောင်ရန်ကျောက်များ– နီလာ အဖျော့၊ နီလာ အမှောင်၊ အသားမှာ ထိလျက်ဆောင်လျှင် သာ၍ ကောင်း၏။ အထက်ပါ အဆောင်ကျောက်များမှာလည်း ထို့အတူဖြစ်၏။

မှတ်ရန်။ အရောင်များမှာ အဝတ်အစား၊ အခန်းဒြပ် သုတ်သော ဆေး၊ အသုံးအဆောင်များကိုလည်း ဆိုလို၏။

**နံပါတ်–၅ ဗုဒ္ဓ၊ သွက်၏။** ဉာဏ်ကောင်း၏။ အရာရာတတ်သိ နားလည်၏။ မေလ ၂၁ မှ ဇွန်လ ၂၃၊ ဩဂုတ် ၂၁ မှ စက်တင်ဘာ ၂၃။ ၎င်း ရာသီရက်ပိုင်းများနှင့် ဆိုင်၏။ မိတ်ဆွေ ဖြစ်လွယ်၏။ ဂဏန်းတိုင်းနှင့် သင့်၏။ ၎င်းတို့နှင့် ဂဏန်းတူ၊ ရာသီတူသူများနှင့် သာ၍သင့်၏။ လှုပ်လှုပ်ရှားရှား အဖြစ်အပျက်များကို ကြိုက်၏။ အမြဲလိုလို လှုပ်ရှားလျက် စိတ်မြန်၍နေ၏။ အလျင်လို၍ နေ၏။

mgyoe.com

mgyoe.com


ထစ်ခနဲ တစ်စုံတစ်ရာ ဖြစ်သည့်အသံကြားလျှင် တကြွကြွ တရွရွ နေတတ်၏။ တိုင်းပြည်၌ လှုပ်လှုပ်ရှားရှား တစ်ခုခုဖြစ်လျှင် ၎င်းတို့မှာ ကြွ၍ နေတတ်၏။ အမြဲစိတ်စော၍ နေတတ်၏။ Mentally highly strung စိတ်ကူးအကြံ လျင်မြန်၏။ လက်လွတ်စပယ်၊ ရှုးရှုးပေါက်ပေါက် လုပ်တတ်၏။ တဇောက်ကန်း ဟု ခေါ်ရခံရသူမျိုး၊ စိတ်မြန်၏။ ပြီးလျှင် အေး၏။ တစ်စုံတစ်ရာကို စိတ်ပါခိုက်မှာ ချက်ချင်းလုပ်တတ်၏။ ကမူးရှူးထိုးစိတ်၊ လေမုန်တိုင်းစိတ်၊ ဥစ္စာကို တဖြည်းဖြည်းရှာဖွေ စုဆောင်းလေ့မရှိ။ ကြွေတစ်လက် ကြက်တစ်ခုန်၊ တစ်ချက်ကောင်း၊ အကောက်ကြံတတ်၏။ လောင်းကစားသလို အလုပ်မျိုးကို နှစ်သက်၏။ ဆန်ကစားနည်း၊ ရှယ်ယာကစားနည်း၊ အိတ်ချိန်းငွေလဲကစားနည်းမျိုး၊ အပူတွေ့လျှင်ပြေပျောက်လွယ်၏။ ချစ်ခင်သူတစ်ယောက် သေလျှင် မြန်စွာမေ့၍ သံယောဇဉ်အသစ် တွေ့တတ်၏။ စိတ်ဘောလုံးမျိုး၊ တစ်စုံတစ်ရာ အနာတရဖြစ်လျှင် ပြန်၍ခုန်သော စပရင်လေးကိုင်းပမာ စိတ်မျိုးရှိ၏။ စွဲမြဲစွာ ပူပင်သောကမထားရှိတတ်၊ ၎င်းတို့၏ရက်မှာ မေလ ၂၁ မှ ဇွန် ၂၃၊ ဩဂုတ်၂၁ မှ စက်တင်ဘာ ၂၃၊ အခြား ၅ ဂဏန်းဖြစ်စေသည့် နေ့ရက်များကောင်း၏။

ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များနှင့် သင့်၏။ ၎င်းနေ့များမှာလည်း ဆိုင်ရာ လရက်၊ ရာသီရက် ကြုံလျှင် သာ၍ကောင်း၏။

အပြစ်မှာ စိတ်မြန်အားကြီးသဖြင့် Nervous Break Down ခေါ် အာရုံကြောအားပျက်သော ရောဂါမျိုး ဖြစ်တတ်သည်။ စိတ်ထလွယ်၏။ စိတ်ဆိုးလွယ်၏။ လူမိုက်၊ လူနုံ၊ လူထုံ၊ လူအ များကို သည်းညည်းမခံတတ်၊ လူမိုက်ကို စိတ်ဆိုးလွယ်၏။

mgyoe.com

mgyoe.com


သင့်သောအရောင်များမှာ အညိုဖျော့ဖျော့၊ အဖြူဖျော့ဖျော့၊ ဖြူညို၊ ဖြူ၍ တောက်လွင်သော အရာများ၊ အခြားအရောင်များနှင့် သင့်သော်လည်း ဖျော့သောအရောင်များမှာ သာ၍ သင့်၏။ အနက်ကို ရှောင်နိုင်သမျှ ရှောင်လေ။

ဆောင်ရန်။ စိန်၊ ပလက်တီနမ်၊ သတ္တု လက်ဝတ်လက်စားများ၊ ငွေ လက်ဝတ်လက်စားများ၊ တတ်နိုင်လျှင် အကောင်းဆုံးမှာ ပလက်တီနမ်မှာ စိန်တပ်၍ လက်မှာဆင်။

**နံပါတ် ၆ သောကြာ၊** ဧပြီလ ၂၀ မှ မေ ၂၄၊ စက်တင်ဘာလ ၂၁ မှ အောက်တိုဘာ၂၄။ လူချစ် လူခင်၊ အဆွေခင်ပွန်းများ၏။ လူကြည်ညို ကိုးကွယ်ခြင်းခံရ၏။ အလုပ်တစ်ခုခု၌ ပိုင်နိုင်စွာစိတ်ကို ဆုံးဖြတ်၍ ပေါက်ရောက်အောင် လုပ်တတ်၏။ ခေါင်းမာသူနှင့်တူ၏။ မိမိတို့ကိုယ်တိုင်က လိုက်လျောချစ်ခင် ကြင်နာလိုလားသည့် အခါမှ တစ်ပါး လျော့၍၊ ပေးလေ့မရှိ။ ချစ်ခင်လိုက်လျောမိလျှင်လည်း သခင်ကို ငယ်ကျွန်ချစ်ခင်သလို သည်းညည်းခံ၏။ မိခင်နှင့်တူသော အချစ်သည် ကိလေသာအချစ်ထက် ၎င်းတို့မှာ ပိုမို၏။ အလှပညာ၊ အနုပညာ၊ ဂီတပန်းချီ စသည်တို့ကို ဝါသနာပါ၏။ တောက်လွင် စိုပြည်ရွှမ်းဝေသော အရောင်များကို နှစ်သက်၏။ အပေါင်းအသင်းများကို စိတ်ချမ်းမြေ့ ပျော်ရွှင်အောင် လုပ်တတ်၏။ မုန်းထား မနာလို၊ မသင့်မတင့်ခြင်းကို မလိုလားတတ်။ စိတ်ထလျှင်အသက်စွန့်၍ တိုက်ခိုက်၏။ မိမိတို့စွဲလမ်းသော အယူဝါဒ၊ လိုလားသောအရာများ အတွက် အသက်ကိုစွန့်၍ ကြိုးစားသည်။ နံပါတ်–၅ သမားများမှ

mgyoe.com

mgyoe.com


တစ်ပါး အခြားနံပါတ်သမားများထက် မိတ်ဆွေပေါများ၏။ နံပါတ် ၃–၆–၉ သမားများနှင့် သာ၍ သင့်၏။

အင်္ဂါ၊ ကြာသပတေး၊ သောကြာသမားများ ဤဂဏန်းသမားများနှင့် သင့်၏။

ကောင်းသော အရောင်များ၊ အပြာရောင် ဟူသမျှ၊ ပန်းရောင်၊ နှင်းဆီရောင်။ ရှောင်ရန်။ အနက်၊ အညို၊ အမည်း။

ဆောင်ရန်။ **Turquise**—စိမ်းပြာရောင် ကျောက်၊ မြ။

**နံပါတ်–၇၊** ဇွန်လ ၂၁ မှ ဇူလိုင် ၂၅၊ နက်ပကျွန်း အာပေါ်ဓာတ်၊ တနင်္လာ ၂ ဂဏန်းသမားဟူသမျှနှင့် သင့်၏။ ၂–၁၁ စသည်များ တည်း။ ၂၁ ဇွန် မှ ဇူလိုင်၂၅။ ၎င်း ဇူလိုင်လ အကုန်သို့ တိုင်အောင် ၎င်းနှင့်သက်ဆိုင်၏။

လွတ်လပ်သော စိတ်၊ ကိုယ်ပိုင်ဉာဏ်ရှိ၏။ ထူးချွန်စွာ တွေးကြံ လုပ်ကိုင်တတ်၏။ မငြိမ်မသက် သွားလာ ရွေ့ပြောင်းတတ်၏။ နိုင်ငံခြားကို သွားချင်၏။ ဒေသန္တရ ဗဟုသုတကို နှစ်သက်၏။ စာရေးကောင်း၊ ကဗျာ၊ ပန်းချီကို ကြိုက်၏။ နက်နဲသောဉာဏ်ရှိ၏။ အဘိဓမ္မာဉာဏ်ကြီး၏။ ငွေကြေးအရာ၌ ကံ မကောင်းတတ်၊ မိန်းမ ဖြစ်လျှင် ယောကျ်ားကောင်း ရတတ်၏။ နောင်ရေးအတွက် တွေးခေါ် ကြောင့်ကြတတ်၏။ အကြံအစည်ကောင်း၏။ ပင်လယ်နှင့်ဆိုင်သော အကြောင်းအရာများကို လိုက်စား လိုလားတတ်၏။ နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်တတ်၏။ သင်္ဘော၊ လှေပိုင်ရှင်၊ ကပ္ပတိန်၊ လှေသူကြီးဖြစ်တတ်သည်။ ဘာသာအယူမှာ အများနှင့် မတူတတ်။ လမ်းရိုးကို မနှစ်သက်တတ်။ မိမိတို့ကိုယ်ပိုင် အယူဝါဒတစ်မျိုးရှိ

mgyoe.com

mgyoe.com



တတ်၏။ ထိုအယူမှာ လျှို့ဝှက်နက်နဲသော အကြောင်းအရာများနှင့် သက်ဆိုင်တတ်၏။ အံ့ဘွယ်သောအတွေးအကြံများ ရှိတတ်၏။ စိတ်ပညာဘက်ကို များစွာ လိုက်စားတတ်၏။ အထင်အမြင်၊ သမထ ပေါက်ရောက်တတ်၏။ လူအများကို မိမိဘက်သို့ကိုင်းညွတ်စေတတ်၏။ မိမိတို့ဆိုင်ရာ ၇ ဂဏန်းနေ့ရက်၊ ရာသီများမှာ အမှုကို ဆောင်ရမည်။ ဇွန် ၂၁ နှင့် ဇူလိုင် ၂၈ သည် ဩဂုတ်လအကုန်အထိ ရက်များမှာလည်း အတော်အတန်ကောင်း၏။

ကောင်းသောနေ့များမှာ ၂ ဂဏန်း အတိုင်းဖြစ်၍ တနင်္ဂနွေ၊ တနင်္လာနှင့် ၎င်းနေ့များ ဆိုင်ရာ ရက်ရာသီကြုံသော နေ့သားများ (သို့မဟုတ်) ၁–၂–၄ သမားများ၏ဆိုင်ရာဂဏန်းများနှင့် ရက်ရာသီကြုံသော ၎င်းနေ့သားများ၊ ကောင်းသောအရောင်များမှာ အစိမ်းရောင်အမျိုးမျိုးဖျော့သောအရောင်များ၊ အဖြူနှင့်အဝါ။ ရှောင်ရန်မှာ အမည်း။

ဆောင်ရန်ကျောက်များ။ Moon Stone ပုလဲရောင်ကျောက်၊ (သို့မဟုတ်) အသားနှင့်ထိအောင် ဆောင်အပ်သော Agate ကျောက်နီ တစ်မျိုး။

**နံပါတ် ၈–စနေ။** ဒီဇင်ဘာ၂၁ မှ ဇန်နဝါရီ ၂၆။ လက်ျာစနေ ရာသီအိမ်။ ဇန်နဝါရီ ၂၆ မှ ဖေဖော်ဝါရီ ၁၉၊ လက်ဝဲ စနေအိမ်။ အလွဲအထင်များစွာ ခံရတတ်၏။ တစ်ကိုယ်တည်း နေရတတ်၏။ အတည်ကြံသမား၊ စိတ်အားထက်သန် ပြင်းပြလေးနက်၏။ ထင်ရှားကြီးကျယ်သောဌာနကို ရတတ်၏။ သို့သော်လည်း ကြီးစွာ ပျက်စီးတတ်၏။ "မသေ ရွှေထီး၊ သေ မြေကြီး"၊ ရွှေထီးရော မြေကြီးရော တွေ့တတ်သည်။ သူတစ်ပါးကိုလည်း ပျက်စီးအောင် အကြောင်း

mgyoe.com

mgyoe.com


ပြုတတ်၏။ တမင်ဟု မဆိုလိုပါ။ တရားနည်းလမ်းအတိုင်း ဖြစ်နိုင်၏။ ဘာသာအယူသည်းတတ်၏။ အများထင်မြင်ချက်ကို အတင်းခုခံဆန့်ကျင်တတ်၍ ရန်သူများ၏။ အသွင်အားဖြင့် ဂရုမစိုက်ဟန် ရှိသော်လည်း ဖိစီးနှိပ်စက်ခံရသူများကို သနားတတ်၏။ မည်သို့မည်ပုံပင် ထင်မှတ်စေကာမူ ဂရုမစိုက်ဘဲ မိမိတို့၏သဘောထားပုံကို မပေါ်ပေါက်စေရအောင် လျှို့ဝှက်တတ်၏။ အကြီးအကျယ် သော်လည်းကောင်း အောင်မြင်တတ်၏။ အကြီးအကျယ် သော်လည်းကောင်း ပျက်စီးတတ်၏။ ၎င်းတို့မှာ အလယ်အလတ်စား အခြေအနေမျိုး မရှိတတ်ပေ။ မိမိတို့ကိုယ်တိုင်မှာ များစွာ နစ်နာဆုံးရှုံးမှုကို ဖြစ်စေသည့် ကြီးမြင့်သော ရာထူးများကို ရတတ်၏။ ကံဆိုးတတ်၏။ ဆုံးရှုံးပျက်စီးခြင်းတွေများ၏။ နံပါတ် ၄ နှင့် သဘာဝတူလျက် ၎င်းက ပို၍ဆိုး၏။

ကောင်းသောအရောင်များ၊ ညှိမှိုင်းသော အရောင်ဟူသမျှ။ နက်ပြာရောင်၊ ၎င်းတို့သည် ဖျော့သောအရောင်ကို ဆင်လျှင် ကြည့်၍မကောင်း။ ခွကျသလို မှတ်ထင်ရ၏။ အမှုဆောင်ရန် အကောင်းဆုံးနေ့များမှာ ဒီဇင်ဘာ ၂၁ က ဇန်နဝါရီ ၂၆၊ ၎င်းမှ ဖေဖော်ဝါရီ ၂၂ ဖြစ်ရာ ၎င်းရက်များမှာ စနေ (သို့မဟုတ်) တနင်္ဂနွေ (သို့မဟုတ်) တနင်္လာကြုံလျှင် သာ၍ ကောင်း၏။ အကြောင်းမူကား ၈ သည် ၄ နှင့်နီးစပ်၏။ တနင်္ဂနွေမှာ တနင်္လာနှင့် သင့်မြတ်၏။ ၄ ဂဏန်းသမားများနှင့်လည်း သင့်ရာ ထိုဂဏန်းကြုံသော အဆိုပါ ရာသီရက်များလည်း ကောင်းလေသည်။

ဆောင်ရန်ကျောက်များ–Amethyst ဂေါမုတ်ခေါ်ကျောက်အညို၊ အရောင် မရင့်လွန်း မနုလွန်းသော နီလာ၊ ပုလဲနက်၊ စိန်နက်၊ တတ်နိုင်လျှင် အသားနှင့်ထိအောင်ဆောင်လေ။

mgyoe.com

mgyoe.com



စနေသည် ရုပ်ခန္ဓာရှိသော လောကဓာတ်၊ နာမ်ဝိညဉ်ဆိုင်ရာ လောကဓာတ် နှစ်ခုမှာ ထိစပ်၍နေသော စက်ဝိုင်းနှစ်ခုနှင့်တူ၏။ တစ်ဖက်၌ လှုပ်ရှားသောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ လွန်ကျူးခြင်း များကိုပြ၏။ တစ်ဖက်၌ နက်နဲစူးရှထက်မြက်သော ဉာဏ်၊ ကြည်ညို သော စိတ်၊ တရားစမ္မ၌ ဝင်စားသော စိတ်၊ ဘာသာစိတ်၊ စူးစိုက် သော ရည်ရွယ်ချက်ကို ပြ၏။ စိတ်အားထက်သန်၏။ ဘာပဲဖြစ်ဖြစ် ဟူသော စိတ်မျိုးလည်း ရှိ၏။ မိမိတို့ ကိုယ်ကို အခြားလူနှင့်မတူ ခြားနားကြောင်း သိ၏။ အများအားဖြင့် မိမိတို့ကြိုးစားသမျှသည် မိမိတို့ဘက်၌ မိမိတို့ မခံစားရ။ သေပြီးမှ ကိုးကွယ်ခြင်း ခံရတတ် ၏။ လူတို့၏တရားဥပဒေနှင့် ဆန့်ကျင်တတ်၏။ အသက်ကို စွန့် ရတတ်၏။ နောင်တမလွန်ဘဝ၌ မြင့်ရာကောင်းရာကို ရောက်တတ် ၏။ ထိုနှစ်မျိုးအနက် ဘယ်ဘက်နှင့် ပိုမိုသက်ဆိုင်သည်ကို အဖြစ် အပျက်တို့ကို နှိုင်းယှဉ်ခြင်းဖြင့် သိနိုင်လေသည်။ ၎င်းတို့၏တစ်သက် ၌ အရေးကြီးသောအဖြစ်အပျက်များ၊ ၎င်းတို့မှာ တွေ့ကြုံဖြစ်ပွား သည့်အခါ နှစ် ကိုဖြစ်စေ၊ လ ကိုဖြစ်စေ၊ ဒေသ ကိုဖြစ်စေ စုံစမ်း ကြည့်ရာ ထိုကဲ့သို့အကြီးအကျယ်ဖြစ်ပွား ပြောင်းလဲခြင်းများ၌ ၈ ဂဏန်းကိုသာ အထပ်ထပ်တွေ့ရလေသည်။ ထို ၈ ဂဏန်းအရကြုံ တွေ့ရသော ကြီးကျယ်သော အဖြစ်အပျက်တို့မှာ ၁-၃ (သို့မဟုတ်) ၆ ဂဏန်းများ ဝင်၍မကူလျှင် ၎င်းတို့မှာ ဤဘဝ၌ ခံရရုံသာခံရ၍ အကျိုးစီးပွားကို ခံရဦးမည်မဟုတ်သေး၊ သေကြေပျက်စီးခြင်းဘေး များနှင့်သာ တွေ့ဖို့ရှိကြောင်း သိရမည်။

၁-၃-၆ ဂဏန်းများအနက်တစ်ခုခုက လုံလောက်စွာ တစ်ဘက် ၌ အကူအညီရှိချေက ထိုပုဂ္ဂိုလ်သည် လွန်ခဲ့သောဘဝများ၌ ထို

mgyoe.com

mgyoe.com



အဖြစ်အပျက်မျိုးနှင့် တွေ့ကြုံခဲ့ရပြီးသဖြင့် အပြစ်ဒဏ်ပြေလည်သော ကြောင့် မြင့်မြတ်သော သုခချမ်းသာကို ရရှိခံစားတော့မည်ဟု သိနိုင်လေသည်။ (ဤကား ပရိဖက်ဆာ ကီရို၏ စကားအတိုင်းဖြစ်၏) ၈ အစား ၄ ဂဏန်းကိုသာ အထပ်ထပ်တွေ့လျှင်လည်း ၈ ဂဏန်းအတိုင်းပင် မခြားမနား ဖြစ်လေရာ ကံဆိုးသူ သက်သက် ဟုယူဆရမည်။

နိုဝင်ဘာ ၂၃ ရက်သည် ကြာသပတေး ၃ ၏ ရာသီအိမ်ဖြစ်ရာ နိုဝင်ဘာ ၂၃ ၌ ၂ + ၃ = ၅ဖြစ်၏။ အိမ်ရှင်ဂြိုဟ် ကြာသပတေး ၃ ကို ထည့် ၈ ဖြစ်၏။ ထိုနေ့၌ ကရပ်ပင် ခေါ်သူ အယူခံရှုံး၏။ ကရပ်ပင်၏နာမည်မှာ C3R2U6P8E5N5S8 ဖြစ်ရာ ၃ + ၂ + ၆ + ၈ + ၅ + ၅ + ၈ = ၃၂ ကိုရ၏။ ၎င်း ၃၂ မှာ ရှစ် လေးလီ ၃၂ ဖြစ်လေရာ ၈ နှင့် ၄ ကို ၎င်း၏ သော့ချက်နံပါတ် Key Number ဟု ခေါ်၏။ ထို ၄ နှင့် ၈ မှာ သဘာဝတူလေရာ နှစ်ခုစလုံး ဆိုး၏။ ၎င်းသေသောနှစ်မှာ အသက် ၄၈ နှစ်ရှိ၏။ ထိုနှစ်၌ ၎င်း၏ သော့ချက်ဂဏန်းနှစ်လုံး ဆုံသောနှစ်ဖြစ်ရာ ထိုဂဏန်းနှစ်လုံးမှာလည်း ဆိုးသော ဂဏန်းများ ဖြစ်ကြ၏။ ထိုနှစ်မှာ သေဒဏ် အပြစ်ပေးခံရလေသည်။ အကယ်၍ အယူခံပင်ရှုံးစေကာမူ ထို ဂဏန်းနှစ်လုံးမဆုံပဲ ၁–၃–၆ တစ်ခုခု ဝင်၍ကြုံချေက ခံရမည့် လက္ခဏာ မရှိပေ။

ဤ Numberlogy အတတ်မှာ အကြံကောင်းလျှင်ကောင်းသလောက် အယူအကောက် ဟောချက်တွေ များစွာတွေ့ရှိနိုင်လေရာ ဂဏန်းများ၏ သဘောသတ္တိကို သိဖို့သာလိုသဖြင့် ထိုဂဏန်းများကို ဤနည်းအတိုင်း ပေါ်ထွက်အောင် ပေါင်းစပ်နှိုက်ချွတ် ဖွေရှာ

mgyoe.com